# နှင်းတာနုတ်

## အဖြူရောင်နှောင်ကြိုး



## Part 1

"မိုးရွာရင် မိုးရေချိုးမယ် ...၊ မေမေလာရင် နို့စို့မယ် ...၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ် ...၊ ဝေး ... ဟေး ... ဟေး"

တဝုန်းဝုန်းရွာချနေသော မိုးရေများကြားထဲတွင် အသက်နှင့်ခေတ္တရာ မင်းတို့နှစ်ယောက်သား ပါးစပ်ထဲရသမျှ သီချင်းတွေအားလုံးကို အော်ဟစ် သီဆို၍ ပျော်ပျော်ပါးပါး မိုးရေချိုးနေကြသည်။ ကျောင်းမှာကတည်းက မိုးရွာလျှင် မိုးရေချိုးဖို့ တိုင်ပင်ထားကြပြီးသားမို့ ကျောင်းက ပြန်ရောက် ရောက်ချင်း လွယ်အိတ်ချကာ အိမ်နေရင်း တီရှပ်အင်္ကျီလေးတွေနှင့် jjဘောင်းဘီလေးတွေကို ကိုယ်စီ လဲဝတ်လိုက်ကြပြီး လူကြီးတွေ မသိ အောင်အိမ်မှ ခိုးထွက်လာ၍ တခြားရပ်ကွက်၌ မိုးရေသွားချိုးကြခြင်း ဖြစ်သည်။ အိမ်ကိုပြန်လာသည့်အခါမှ အဆူခံရလည်း ခံရပါစေ၊ မိုးရေချိုးရ ဖို့သာ အဓိကဟုနှစ်ယောက်သား သဘောတူညီမှုယူကြကာ ပထမဦးဆုံး အကြိမ်အဖြစ် အိမ်မှခိုးထွက်ပြီး ထင်တိုင်းကြဲနေကြလေသည်။

ဤသို့ဖြင့် တစ်ယောက်ချင်းစီ ကနေရာမှ တစ်ယောက်လက်ကို တစ် ယောက် ဆွဲကိုင်လိုက်ကာ ...

"ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ...၊ ဝိုင်းကြီးပတ်ပတ် ...၊ ဝိုင်းကြီးပတ်ပတ် ဒူ ဝေဝေ ...၊ ဝိုင်းကြီး ..."

အသက်၏ဖေဖေက ထီးကြီးဆောင်း၍ ဒေါနှင့်မောနှင့် လျှောက်လာသည် ကို မြင်လိုက်ကြသောကြောင့် ဆိုလက်စသီချင်းမှာ တိခနဲ ပြတ်တောက် သွားလေသည်။

"ခေတ္တရာရေ ...၊ ဟိုမှာ ... ငါ့ဖားသားကြီးလိုက်လာပြီ ..."

"အေးဟ ...၊ ကြည့်ရတာ နင်ပျောက်သွားလို့ စိတ်တိုနေတဲ့ပုံပဲ ..."

"ငါတို့ပြေးကြမလား ..."

"အသက်ရာ ...၊ ငါတို့ဘယ်အထိ ပြေးနိုင်မှာမို့လို့လဲ ..."

အိမ်ရောက်မှအဆူခံရလျှင် အသက်အတွက် ပြဿနာမရှိသော်လည်း လမ်းမပေါ်ကြီးမှာတော့ အဆူမခံရဲ၍ တုန်တုန်လှုပ်လှုပ်နှင့် နေရာမှာတင် ရပ်နေမိ၏။ ထိုအချိန်မှာပင် အသက်၏ ဖေဖေက အသက်တို့ကို တွေ့သွားခဲ့ပြီး ...

"ဟော့ ...၊ ဟိုမျောက်လောင်းနှစ်ကောင်လာခဲ့ ... ဒီကို ..."

ဖေဖေကအသက် တစ်ယောက်တည်းတင် မဟုတ်ဘဲ ကြွက်စုတ်လေးလို မိုးရေတွင် ရွှဲနစ်နေသော ခေတ္တရာမင်းကိုပါ လှမ်းခေါ်လိုက်သည်မို့ ကျိတ်ပြီး ဝမ်းသာသွားခဲ့၏။ ဘာပဲပြောပြော အဆူခံရသည်ချင်း အတူတူ ကိုယ့်တစ်ယောက်တည်းကို ကွက်ပြီး ဆူသည်ထက် ကဲဖော်ကဲဖက် သူငယ်ချင်းကပါ အဆူခံရသည်မှာ ပိုပျော်ဖို့ကောင်းလေသည်။

"ကဲ ... ပြောကြပါဦး၊ အိမ်ကနေတောင် ခိုးထွက်ပြီး သူများရပ်ကွက်မှာ မိုးရေသွားချိုးရတဲ့ အကြောင်းရင်းကို ..."

"ဟို ... ဟို၊ သမီးတို့တစ်ခါမှ မိုးရေမချိုးဖူးလို့ ချိုးဖူးတယ်ရှိအောင် သွားချိုးကြတာပါ ..."

"အဲဒီလိုချိုးတော့ အခုကြွက်စုတ်လေးတွေ ဖြစ်နေကြပြီမလား ...၊ အိမ်ပြန်ရောက်ရင်လည်း ရေထပ်ချိုးရဦးမယ်၊ မင်းတို့ မျောက်လောင်းနှစ်ကောင် အအေးမိပြီး မဖျားရင်ကံကောင်း ...၊ ဒီတစ်ခါတော့ ထားလိုက်တော့ ...၊ နောက်တစ်ခါလူကြီးတွေ မသိအောင်ခိုးထွက်လို့ အိမ်ပြန်ရောက်တာနဲ့

ဝါးခြမ်းပြားနဲ့ဆော်မယ် ...၊ သားခေတ္တရာမင်းရော ... ကြားတယ်နော်"

"ဟုတ်ကဲ့ ...၊ ကြားပါတယ် ... ဦး၊ နောက်ကို ကျွန်တော်တို့ ဒီလိုမလုပ်တော့ပါဘူး ..."

"မင်းတို့လည်း ချမ်းနေပြီ ...၊ ရော့ ... ဒီမှာထီးတစ်ချောင်း အပိုယူလာတယ်၊ နှစ်ယောက်အတူတူ ဆောင်းလာခဲ့ကြ ..."

အသက်၏ဖေဖေက သူ့လက်ထဲတွင် ကိုင်လာသော ထီးအဝါရောင်လေးကို အသက်တို့အား လှမ်းပေးလိုက်ပြီး ရှေ့မှခပ်သွက်သွက် လျှောက်သွားခဲ့သည်။ အသက်တို့ကြွက်စုတ်လေး နှစ်ကောင်ကတော့ ထီးတစ်ချောင်းတည်းကိုအတူ ဆောင်းရင်း ခိုက်ခိုက်တုန်အောင် ချမ်းနေကြသော်လည်း လုပ်ချင်ရာကိုလုပ်ပြီး ခဲ့ကြပြီမို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်သော မျက်ဝန်းလေးတွေက ရွှင်မြူးရိပ်သမ်းနေခဲ့လေသည်။

***

"ဟိတ် ..."

"ဟင် ... ခေတ္တရာ"

"နင်ဖျားနေတယ်ဆိုလို့ ငါလာကြည့်တာ ...၊ နင်ဆေးရော သောက်ပြီးသွားပြီလား ..."

အသက် လှဲနေရာမှ ထထိုင်လိုက်ရင်း ခေါင်းညိတ်ပြကာ ...

"သောက်ပြီးသွားပြီ ...၊ ခုနကပဲ မေမေလာတိုက်သွားတယ်၊ နေပါဦး ... နင်ငါဖျားနေတာ ဘယ်လိုသိ"

ခေတ္တရာမင်းကပြုံး၍ အဖျားရှိန်ကြောင့် ပူနေသော အသက်၏ နဖူးလေးကို လက်ညှိုးလေးဖြင့် ဖွဖွတွန်းလိုက်သည်။

"နင်ကလည်း မသိတာကျလို့ ...၊ ထုံးစံအတိုင်း အန်တီနွယ်ကပဲနင်နက်

ဖြန်ကျောင်းမတက်နိုင်လို့ ငါတို့တီချယ်ကို ခွင့်တိုင်ခိုင်းတာပေါ့ဟာ ...၊ ငါ့အဒေါ်ကတောင် နင့်အိမ်သွားတော့မှာသိလို့ နို့ဆန်ပြုတ် တစ်ခါတည်း ပြုတ်ထည့် ပေးလိုက်သေးတယ် ...၊ ဆေးသောက် ပြီးသွားပြီဆိုတော့ ပူနွေးတုန်းလေး သောက်လိုက်တော့နော် ..."

သူကခုတင်ဘေးရှိ စားပွဲပေါ်တွင် တင်ထားသော ကြွေပန်းကန်လုံးလေးကို လှမ်းယူလိုက်ပြီး အသင့်တပ်ထားသောဇွန်းဖြင့် မွှေပေးနေသည့်ပုံလေးကို အသက် ကြည့်နေမိရင်း ...

"အန်တီထားကို အားနာလိုက်တာ ခေတ္တရာရယ် ...၊ ငါ့အတွက် တကူးတကကြီး ..."

"အားမနာပါနဲ့ အသက်ရယ် ...၊ နင့်ဖေဖေနဲ့မေမေကလည်း ငါခုလို အေးအေးဆေးဆေး ကျောင်းတက်နိုင်ဖို့အတွက် အများကြီး ကူညီထောက်ပံ့ပေးထားတာပဲဟာ ...၊ ငါတို့ဘက်ကနေ ပြန်လုပ်ပေးနိုင်တာက မဆိုစလောက်လေးပဲရှိပါတယ် ..."

ခေတ္တရာ၏စကားကြောင့် ဆင်းရဲချို့တဲ့ရှာသော သူ့ဘဝလေးကို ပြန်သတိရမိရင်း မျက်ဝန်းအိမ်များတွင် ဝေ့သီလာသော မျက်ရည်များကို ပါးပြင်ပေါ်သို့မကျစေရန် အသက်ကြိုးစားနေခဲ့ရသည်။

ခေတ္တရာမင်းဆိုသည့် ကောင်ကလေးက ငယ်စဉ်ကတည်းက မိဘတွေဆုံးပါးသွားခဲ့ကြပြီး အဒေါ်အပျိုကြီးနှင့်သာ အတူနေရရှာသည်။ စက်လေးတစ်လုံးနှင့် လာအပ်သမျှ အပ်ထည်များကို တကုပ်ကုပ် ချုပ်လုပ်နေရသော်လည်း အန်တီဒေါ်ထားမေ၏ ဝင်ငွေလေးက သူတို့တူဝရီးနှစ်ယောက်၏ စားရေး၊ သောက်ရေးအတွက် ဖူလုံရုံမျှသာရှိသဖြင့် ခေတ္တရာမင်း၏ ကျောင်းစရိတ်၊ ကျူရှင်စရိတ်များကို အိမ်နီးချင်းများဖြစ်သော အသက်၏ မိဘနှစ်ပါးကသာ တာဝန်ယူပေးခဲ့သည်။

"ဟဲ့ ...၊ ငါပြောနေတာကိုတောင် မကြားနိုင်လောက်အောင် ဘာတွေတွေး နေတာလဲ ..."

အသက်တစ်ယောက် ငိုင်တွေတွေလေးနှင့် အတွေးလွန်နေရာမှ ရုတ်တရက် သတိပြန်ဝင်လာပြီး ...

"ဟင် ... နင်ဘာပြောလိုက်တာလဲ"

"နင့်ကို ဆန်ပြုတ်တိုက်တော့မလို့ ပါးစပ်ဟလို့ပြောနေတာ ..."

"ပြီးရော ..."

အသက်ကပါးစပ်လေးကို ဟ၍ဆန်ပြုတ်သောက်ရန် စောင့်နေသည့် အချိန်တွင် သူကတစ်ဇွန်းစာ ခပ်ထားသော ဆန်ပြုတ်များကို လေဖြင့်တ ဟူးဟူး မှုတ်ပေးကာ အသက်ကို ခွံ့ကျွေးလိုက်သည်။

"နင်ဒီလိုဖျားနေရတာ ငါ့အပြစ်ပါ ...၊ နင့်ကျန်းမာရေးကို ငါထည့်တွက်ဖို့ မေ့ပြီး ဆွယ်လိုက်မိတာ ..."

"နင်ဆွယ်လည်း ငါမချိုးရင် ဘာမှမဖြစ်ဘူးလေ ...၊ အဲဒီတော့ မရှိတဲ့ကိုယ့် အပြစ်ကို တင်မနေနဲ့တော့ ...၊ ငါဗိုက်ဆာနေပြီ ...၊ ဆန်ပြုတ်မြန်မြန်တိုက် ..."

အသက်တို့ နှစ်ယောက်ကြားက ခံစားချက်တွေ ပေါ့ပါးလိုပေါ့ပါးငြား ရယ်ကျဲကျဲလေးဖြင့်စ လိုက်တော့ ခေတ္တရာကလည်း စိတ်မကောင်းဖြစ် နေရာမှ ပြုံးရွှင်လာကာ အသက်၏ခေါင်းလေးကို ဖွဖွလေးပုတ်လိုက်သည်။

"မှန်လှပါ ... သခင်မလေး၊ ဟောဒီက ကျွန်တော်မျိုး လေမပေါတော့ဘဲ ပွဲတော်အမြန်ဆုံး ဆက်သပါ့မယ် ..."

ခေတ္တရာ၏စကားအဆုံးတွင် ဟန်မဆောင်နိုင်တော့ဘဲ အားရပါးရ ရယ်မောလိုက်ကြသော ကလေးနှစ်ယောက်၏ ရယ်သံလွင်လွင်လေးများက

အခန်းတစ်ဝိုက်တွင် သာယာစွာ ပျံ့လွင့်နေခဲ့လေသည်။

***

## Part 2

ပြတင်းတံခါးမှ တစ်ဆင့် ထိုးဖောက်ဝင်ရောက်လာသော နေရောင်ခြည်နုနုသည် အသက်၏ဖြူဖွေးနုနယ်သော မျက်နှာလေးပေါ်သို့ ကျရောက်လာခဲ့သည့် အချိန်တွင် အအိပ်ဆတ်သော ကောင်မလေး၏ မျက်လုံးတို့က ပွင့်လာခဲ့ပြီး မျက်တောင်ရှည်များက တဖျတ်ဖျတ် ခတ်လာလေသည်။

အသက်တစ်ယောက် အိပ်ရာထဲတွင် စောင်ခြုံ၍ ကွေးနေချင်သေးသော်လည်း ကျောင်းတက်ရန်က ရှိသေးသည်မို့ လှဲနေရာမှ ကပျာကယာထကာ ရေမိုးချိုး၍ ပြင်ဆင်နေဆဲမှာပင် ...

"အသက်ရေ ...၊ အသက် ..."

ဖွင့်ထားသော ပြတင်းတံခါးအပြင်မှ ခေတ္တရာ၏အသံက ထွက်ပေါ်လာသောကြောင့် ကျောလယ်အထိရှည်သော ဆံပင်လေးတွေကို ဖဲကြိုးဖြူဖြင့် တစ်ဖက်စီခွဲ၍ စည်းလက်စလေးနှင့် ခါးကိုကိုင်းပြီး ပြတင်းပေါက်မှ ခေါင်းပြူကာ ...

"ငါဆင်းလာခဲ့မယ်နော် ... ခေတ္တရာ၊ အိမ်ထဲဝင်ထိုင်ထားနှင့် ..."

"ရတယ် ...၊ နင်အေးဆေးလုပ် ..."

သို့သော် ခေတ္တရာအကြာကြီး စောင့်နေရမည်ကို စိုးရိမ်တတ်သော အသက်က ဆံပင်စည်းခြင်းကို လက်စသတ်လိုက်ပြီး သနပ်ခါးရေကျဲလေး မြန်မြန်လူးကာ အိမ်အောက်ထပ်သို့ ပြေးဆင်းလာခဲ့လိုက်သည်။

"ခေတ္တရာရေ ... ငါပြီးပြီ"

"အေး ... အေး"

စာဂျပိုးခေတ္တာရာက အသက်ကိုထိုင်စောင့်နေရသည့် အချိန်လေး အတွင်းမှာပင် Chemistry Text book ထိုင်ဖတ်နေကာ အသက်၏အသံကြားမှ စာအုပ်ကို ကောက်ပိတ်လိုက်သည်။

"အမယ် ... နင်တော်တော် စာကြိုးစားနေပါလား"

"မကြိုးစားလို့ဘယ်ရမလဲ ... အသက်ရ၊ ငါ့အဒေါ်က ပင်ပင်ပန်းပန်း စက်ချုပ်ပြီး ငါ့ကိုရှာကျွေးနေရတာလေ ...၊ ငါဘာမှပြန်ပြီး မလုပ်ပေးနိုင်သေးတဲ့ အချိန်လေးမှာ ငါ့အဒေါ်အတွက် စာမေးပွဲကို အမှတ်ပြည့်ရချင်တယ်၊ ဒါမှ သူအမောပြေမှာကိုး ...၊ ပြီးတော့ နင့်ရဲ့မိဘတွေ ငါ့ကို ကျောင်းထားပေးရ ကျိုးနပ်အောင်လည်း ကြိုးစားပေးချင်တယ်"

အသက်စိတ်မကောင်း ဖြစ်သွားရသော်လည်း ကြည်လင် တောက်ပနေသည့် ခေတ္တာရာ၏ မျက်ဝန်းလေးတွေကို ကြည့်ရင်း အသက်၏ ရင်ဘတ်တစ်ခုလုံး အေးချမ်းသွားသလို ခံစားလိုက်ရသည်။

ချစ်သော သူငယ်ချင်းလေး၏ မျက်ဝန်းလေးတွေက ရိုးသားဖြူစင်မှု၏ အရိပ်အယောင်တို့ ထင်ဟပ်နေသောကြောင့် ဆင်းရဲချို့တဲ့ ရှာသော်လည်း သိမ်ငယ်စိတ်တို့ဖြင့် အရောင်လွှမ်းခြုံမနေဘဲ ပကတိကြည်စင် နေလေသည်။ သူ့မျက်ဝန်းလေးတွေကို အသက်ဝမ်းနည်းနေသည့် အခါပဲဖြစ်ဖြစ်၊ စိတ်မကောင်းဖြစ်နေသည့် အခါပဲဖြစ်ဖြစ် ကြည့်လိုက်မိလျှင် အခါခပ်သိမ်း အပူမီးများကို ငြိမ်းအေးစေခဲ့သည်။ အသက်၏ သူငယ်ချင်းလေးဟာ မေတ္တာမျက်ဝန်းပိုင်ရှင်လေး ဖြစ်နေသည်ကို ခုမှသိခဲ့ရသည့် အတွက်ကိုတော့ ကိုယ့်ကိုယ်ကိုယ် အားမလို၊ အားမရဖြစ်မိလေသည်။

"အမယ်လေး ...၊ ကြည့်နေလိုက်တာများ မျက်လုံးတောင် ကျွတ်ထွက်တော့မယ်ဟ ..."

အကြည့်သူခိုးကိုလူမိသွားသောကြောင့် အသက်တစ်ယောက် ရှက်ကိုးရှက်ကန်း ဖြစ်သွားကာ သူ့ပခုံးကို လှမ်းရိုက်လိုက်မိသည်။

"အေး ...၊ အဲဒီလိုင့်မျက်လုံးက ကျွတ်ထွက်သွားခဲ့ရင် နင့်ရဲ့ဟောဒီ ပြောင်စပ်စပ် မျက်နှာပေါ်ကို တက်ကပ်မှာ ...၊ သိလား ... ကြွက်စုတ်ရဲ့"

အသက်ကပြုံးရင်း စကားပြောနေရာမှ လက်ပတ်နာရီလေးကို ငုံ့ကြည့် လိုက်ပြီး ...

"ကဲ ... လေပေါနေတာနဲ့ ကျောင်းလည်း နောက်ကျတော့မယ် ...၊ ငါတို့ သွားရအောင်နော် ..."

နှစ်ယောက်သား ကျောပိုးအိတ်ကိုယ်စီ ကောက်လွယ်ကာ ခြံဝင်းထဲတွင် အသင့်ရပ်ထားသော ကားပေါ်သို့ တက်ထိုင်လိုက်သည်နှင့် အသက်တို့၏ဒ ရိုင်ဘာက ကားကိုမောင်းထွက် လာခဲ့လေသည်။ ထိုသို့ခေတ္တရာနှင့်အတူ ကျောင်းကိုသွားရသည့် ခဏတာ အခိုက်အတန့်လေးသည် အသက်၏ ဘဝ စာမျက်နှာများထဲတွင်တော့ တန်ဖိုးထားစရာ၊ ပျော်ရွှင်စရာအချိန်လေး ဖြစ် ခဲ့ရပါသည်။

***

"တီထား ...၊ ညောင်းနေပြီလား ... ..."

သောက်ရေခွက်လေးကို စက်ခုံပေါ်တွင် တင်ထားပေးပြီး ပခုံးနှစ်ဖက်ကို အလိုက်တသိ လာနှိပ်ပေးနေသော တူလေးကြောင့် ဒေါ်ထားမေပြုံးလိုက် မိသည်။

"တီထားက ဒါတွေလုပ်နေကျပါ ... သားလေးရယ်၊ ထူးပြီးတော့လည်း မ ညောင်းတော့ပါဘူး ..."

"ဒါပေမဲ့ တီထားခုလို ပင်ပန်းနေတာကို သားမကြည့်ရက်ဘူး ...၊ တီထား

စက်ချုပ်တဲ့ အလုပ်ကိုမလုပ်ပါနဲ့တော့နော် ... "

"အလို ...၊ ကျုပ်ကစက်ပဲ ချုပ်တတ်တာလေ ...၊ ကျုပ်တတ်တဲ့ အလုပ်ကိုမလုပ်ဘဲနေတော့ ဘယ်သူကလာပြီး ပိုက်ဆံပေးမှာမို့လို့လဲ၊ ပြောပါဦး ... ကိုယ်တော်ချောလေးရဲ့"

ပြုံးစိစိဖြင့် မေးလာသောတီထား၏ စကားကြောင့် ခေတ္တရာက သူ့ရင်ဘတ်ကို သူပုတ်ပြကာ ...

"သားကပဲတီထားကို ရှာကျွေးမှာပေါ့ ..."

"ဘာ ..."

တီထား၏မျက်နှာက ရုတ်တရက် ခက်ထန်သွားပြီး လေသံကအစ တင်းမာသွားခဲ့ကာ သူ့ကိုစူးစူးစိုက်စိုက် ကြည့်လာသည်။

"မင်းဒီလိုပြောလိုက်တာက ငါ့ကိုအမောပြေ မသွားစေတဲ့အပြင် ပိုပြီးတော့တောင် အမောဆို့သွားစေတယ် ...၊ ငါလိုချင်တာက မင်းရှာတဲ့ ပိုက်ဆံကိုမဟုတ်ဘူး ... ခေတ္တရာမင်း၊ မင်းစာမေးပွဲမှာ အမှတ်ကောင်းကောင်းရဖို့ပဲ ငါလိုချင်တယ်ဆိုတာ မင်းခေါင်းထဲမှာ မြဲမြဲမှတ်ထား ..."

"ဟုတ်ကဲ့ ...၊ သားတောင်းပန်ပါတယ် ... တီထားရယ်၊ သားကလေ တီထားပင်ပန်းနေတာ မကြည့်ရက်လို့ ပြောမိတာပါ၊ ခုလည်း သားစာကြိုးစားနေပါတယ်၊ သားကို စိတ်မဆိုးပါနဲ့နော် ..."

"ငါစိတ်ဆိုးပြေသင့်၊ မပြေသင့်ဆိုတာ မင်းရဲ့အမှတ်တွေအပေါ်မှာ မူတည်တယ် ...၊ အဲဒီတော့ ငါ့ကို စိတ်ဆိုးပြေစေချင်ရင် မင်းအမှတ်ကောင်းအောင်ကြိုးစားရမယ်"

ခေတ္တရာကခေါင်းကို ဖွဖွညိတ်ပြပြီး ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်ရင်း တီထား၏ဒူးပေါ်တွင် မျက်နှာအပ်လိုက်မိသည်။

"စိတ်ချပါ ... တီထား၊ သားအမှတ် ကောင်းကောင်းရအောင် ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ် ..."

သူ့စကားအဆုံးတွင် တီထား၏လက်တစ်ဖက်က မြှောက်တက်လာကာ သူ့ကျောပြင်ကို ဖွဖွလေး ပွတ်သပ်ပေးနေသည့် အထိအတွေ့ကို ခံစားလိုက်ရသည့် အချိန်၌ သူအတိုင်းမသိ ဝမ်းသာပျော်ရွှင် သွားခဲ့မိလေသည်။

***

ညနေဆည်းဆာ အချိန်လေး၏ တိမ်စိုင်တိမ်လိပ်ဖြူတို့ ရစ်ပတ်ယှက်နွယ်ထားသော ပြာလဲ့နေသည့် မိုးကောင်းကင်၏ အောက်ရှိ သစ်သားခုံတန်းလေး တစ်ခုပေါ်တွင် ခေတ္တရာဟူသော ကောင်လေးတစ်ယောက်နှင့် အသက်ဟူသော ကောင်မလေး တစ်ယောက်တို့က အတူတူ ရှိနေခဲ့ကြလေသည်။ ခုံတန်းလေးက အသက်တို့၏ ခြံဝင်းထဲမှာမို့ အသက်ကိုယ်တိုင် စိုက်ပျိုးထားသော ဇီဇဝါပန်းများ၊ စံပယ်ရုံများနှင့် နှင်းဆီပန်းလေးတို့၏ မွှေးရနံ့များက လေပြေတစ်ချက်အဝှေ့တွင် သင်းပျံ့မွှေးအီ၍ သွားခဲ့သည်။ အသက်သည် မျက်လုံးလေးကို မှေးမှိတ်ကာ ပန်းရနံ့လေးများကို ရှူရှိုက်နေဆဲမှာပင် ...

"အသက်လေး ... "

"ဟင် ..."

"နင်ငါ့ကိုပြောစရာရှိလို့ဆို ...၊ ဘာပြောမလို့လဲ ..."

အသက်ကဖြူဖွေးနေသော ပါးပြင်လေးကို လက်ညှိုးဖြင့် ကုတ်ခြစ်လိုက်ရင်း မချိုမချဥ် အပြုံးလေးပြုံးလိုက်သည်။

"နက်ဖြန် ... ဘာနေ့လဲဆိုတာ နင်သိလား ..."

"နက်ဖြန် ..."

ခေတ္တရာက သံယောင်လိုက်၍ တီးတိုးရေရွတ်ရင်းအသက်၏ မျက်နှာလေးကိုလည်း ငုံ့ကြည့်မိသည့်အချိန်တွင် မျှော်လင့်ခြင်း အရိပ်အယောင်များ ပြည့်လျှံနေသည့် မျက်ဝန်းလေးတွေနှင့် ဆုံရလေသည်။ ထိုမျက်ဝန်းလေးတွေကို သူငေးကြည့်နေမိဆဲမှာပင် ချက်ချင်း သတိရသွားသော်လည်း အသက်ကို စနောက်ချင်သေးသောကြောင့် စိတ်မကောင်းသည့် မျက်နှာအမူအရာလေးဖြင့်

"ဆောရီးပါ ... အသက်ရယ်၊ ငါလုံးဝ စဥ်းစားလို့မရဘူး ..."

အသက်၏ရွှင်ပြနေသော မျက်နှာလေးက ရုတ်တရက် နေထိပန်းလေးလို ညှိုးကျသွားပြီး မျက်ဝန်းတွေကအစ မယုံနိုင်ခြင်းသို့ ပြောင်းလဲသွားခဲ့သည်။

"နင်တကယ် စဥ်းစားလို့မရတာလား ... ခေတ္တရာ၊ ငါကတော့ ... ငါကတော့ နင်နဲ့ပတ်သက်သမျှ အရာအားလုံးကို တစ်ခုမကျန်ဦးနှောက်ထဲမှာ မှတ်ထားခဲ့တာ ..."

ယူကြုံးမရစွာကြေကွဲနေသော သူငယ်ချင်းလေးကို မစရက်တော့သည့်အဆုံးတွင် ခေတ္တရာကအသက်၏ ပါးဖောင်းဖောင်းလေး နှစ်ဖက်ကို လက်ဖြင့်ဆွဲလိမ်လိုက်သည်။

"ငါလုံးဝ စဥ်းစားလို့မရဘူး ...၊ လို့ဘယ်သူပြောလဲ"

"ဟမ် ..."

"ငါလည်း နင်နဲ့ပတ်သက်သမျှ အရာအားလုံးကို တစ်ခုမကျန် မှတ်ထားခဲ့တာပါဟာ ...၊ ငါတို့နှစ်ယောက်ကြားမှာ မမှတ်မိဘူးတို့၊ စဥ်းစားလို့မရဘူးတို့မှ မရှိတာ ...၊ ငါဆိုပြမယ် ...၊ နားထောင်ကြည့်နော် ..."

ခေတ္တရာက လက်နှစ်ဖက်ကို ပါးစပ်နားတွင် အော်လံလိုတေ့၍ ...

"နက်ဖြန်က သက်ထက်မြတ်နိုးဆိုတဲ့ ကောင်မလေးရဲ့ ၁၅နှစ်ပြည့်မွေးနေ့ ပါခင်ဗျ ...၊ အဲဒီအတွက် ကျွန်တော်ကသူ့ကို မွေးနေ့လက်ဆောင် ပေးကို ပေးရမှာပါခင်ဗျ ...၊ ခုလိုမေးနေတာကလည်း မွေးနေ့လက်ဆောင် လိုချင် လို့မေးနေမှန်း ကျွန်တော်က အစောကြီးကတည်းက သိပြီးသားပါခင်ဗျ ..."

ထိုအခါကျမှ အသက်၏မျက်နှာလေးကလပြည့်ဝန်းလေးလိုပြုံးရွှင်လာခဲ့ ကာ

"ကြည့်စမ်း ...၊ နင်မှတ်မိနေတာကို အစကတည်းကမပြောဘဲ လာနောက် နေတယ်ပေါ့ ...၊ ငါ့မှာတော့ စိတ်မကောင်း ဖြစ်လိုက်ရတာ ...၊ ကိုယ့်ကိုယ် ကိုတောင် သနားတယ် ..."

"အဲဒီလိုစိတ်မကောင်း ဖြစ်ကတည်းက နင်ငါ့ကိုမယုံလို့၊ ငါတို့ရဲ့ ခင်မင်မှု ကို မယုံလို့ ...၊ နင်သာ ငါ့ကိုယုံတယ်၊ ငါတို့ရဲ့ ခင်မင်မှုကို ယုံတယ်ဆိုရင် နင် ဘာမှစိတ်မကောင်း ဖြစ်စရာအကြောင်းမရှိဘူး ...၊ ဟုတ်တယ်ဟုတ် ... "

"ဟုတ်ပါတယ်ရှင် ...၊ ဟုတ်ပါတယ် ..."

ကလေးဘဝကတည်းက ခိုင်ခံ့တည်မြဲသော သံယောဇဉ်ကြိုးလေးများဖြ င့် နှောင်ဖွဲ့ထားခဲ့သည့် အသက်နှင့်ခေတ္တရာတို့၏ တွယ်တာရင်းနှီးမှုသည် မည်သည့်မာန်မာနများ၊ ဟန်ဆောင်မှုများမပါဝင်ခဲ့သည့် အဖြူထည် သက်သက်လေးသာ ဖြစ်ခဲ့လေသည်။

***